AYA Trust
Securities Company

# MOBILE TRADING APPLICATION MANUAL





**AYA Trust Mobile Trading Application ကို Download ရယူပါ။**

**<u>Apple User (iOS) အတွက်</u>**

Apple App Store တွင် “AYAtrust” ဟု ရိုက်၍ လည်းကောင်း အောက်ပါ QR Code ကို အသုံးပြု၍ လည်းကောင်း ရယူနိုင်ပါသည်။

Compatibility: Requires iOS 8.4 or later.

*https://appsto.re/sg/sjwAgb.i*

**<u>Android User အတွက်</u>**

Google Play Store တွင် “AYAtrust” ဟု ရိုက်၍ လည်းကောင်း အောက်ပါ QR Code ကို အသုံးပြု၍ လည်းကောင်း ရယူနိုင်ပါသည်။

Compatibility: Requires Android 4.1 or later.

*https://goo.gl/4gyBJu*

## Log-In To Your Account


AYA Trust Securities Trading Account စာရင်းဖွင့်ချိန်တွင် AYA Trust SC မှ ထုတ်ပေးထားသော စာအိတ် (သို့) Email ထဲ၌ ပါဝင်သော လူကြီးမင်း၏ **Login ID** နှင့် **Default Password** တို့ကိုအသုံးပြုကာ AYA Trust online trading service ကို ဝင်ရောက် အသုံးပြုနိုင်ပါသည်။





| | |
|---|---|
| Username | လူကြီးမင်း၏ User ID စာအိတ်ထဲတွင်ပါဝင်သော Log in ID နံပါတ် ဖြစ်ပါသည်။ |
| Password | လူကြီးမင်းအတွက် ကြိုတင်သတ်မှတ်ပေးထားသော Default Password ကို User ID စာအိတ် (သို့) Email ထဲတွင်ဖော်ပြထားပြီးဖြစ်ပါသည်။ |
| Login | Username နှင့် Password ကို မှန်ကန်စွာရိုက်နှိပ်ပြီးပါက Login ကိုနှိပ်ပါ။ |
| မှတ်ချက် | Password ပြန်ပြောင်းလိုလျှင်ပါရှိရမည့်အမျိုးအစားများ<br>(၁) အနည်းဆုံးစာလုံးအသေး တစ်လုံး။<br>(၂) အနည်းဆုံးစာလုံးအကြီး တစ်လုံး။<br>(၃) Special Character (E.g. - @! %&K etc.)<br>(၄) အနည်းဆုံးနံပါတ် တစ်ခု။<br>(၅) Password စာလုံးရေ အနည်းဆုံး (၅) လုံးမှ အများဆုံး (၁၂) လုံးထိ ပါရှိရမည် ဖြစ်ပါသည်။ |

## Terms and Conditions to use Online Trading

လူကြီးမင်း၏ AYA Trust Securities Trading Account စာရင်းဖွင့်ချိန်တွင် Online trading အသုံးပြုခွင့်လျှောက်လွှာအား လက်မှတ်ရေးထိုးရမည် ဖြစ်ပါသည်။ **Login ID** နှင့် **Default Password** တို့ကိုအသုံးပြုကာ AYA Trust online trading service ကို ဝင်ရောက် အသုံးပြုပါက Online Trading နှင့်ပက်သက်သော “Important Notice” အားထပ်မံအတည်ပြုပေးရမည် ဖြစ်ပါသည်။





သဘောတူလက်ခံမှ သာလျှင် Online Trading အား အသုံးပြုနိုင်ပါမည်။

## Home Page

Login ဝင်ရောက်ပြီးပါက ပင်မစာမျက်နှာ Home Page သို့တိုက်ရိုက်ရောက်ရှိပြီး မိမိအသုံးပြုလိုသော Icon အားနှိပ်၍ ဆက်လက်လုပ်ဆောင်နိုင်ပါသည်။





| Pg No. | Name | Description |
|---|---|---|
| 5 | Dashboard | အနှစ်ချုပ်ပင်မစာမျက်နှာ |
| 6 | Quotes | ရှယ်ယာဈေးနှုန်းအပြောင်းအလဲများကြည့်ရှုရန် |
| 7 | Order Entry | အမှာစာများထည့်သွင်းရန် |
| 8 | Fund Balance | ငွေလက်ကျန်စာရင်းကြည့်ရှုရန် |
| 9 | Portfolio | ရင်းနှီးမြှုပ်နှံထားသောရှယ်ယာများ၏ အသေးစိတ် အချက်အလက်များကြည့်ရှုရန် |
| 10 | Market Watch | ဈေးကွက်အခြေအနေများကြည့်ရှုရန် |
| 11 | Order Book | တစ်နေ့တာအမှာစာ စာရင်း |
| 12 | Trade Book | တစ်နေ့အတွင်းဖြစ်မြောက်ခဲ့သောအရောင်းအဝယ်စာရင်း |
| - | IPO Listing | Currently not applicable. |
| - | IPO Order Book | Currently not applicable. |
| 13 | Full Market Depth | ဈေးကွက်ဝယ်လိုအားနှင့်ရောင်းလိုအားနှိုင်းယှဉ်ပြဇယား |
| 14 | Order History | တင်သွင်းခဲ့သောအမှာစာများစာရင်း |
| 15 | Trade History | ရှယ်ယာအရောင်းအဝယ် ဖြစ်မြောက်ခဲ့သော စာရင်း |
| 16 | Account Statement | ငွေအထုတ်အသွင်းစာရင်း |





## Dashboard

Dashboard ၏ ရည်ရွယ်ချက်သည် လူကြီးမင်း၏ငွေစာရင်း၊ ယနေ့အမှာစာစာရင်း၊ အရောင်းအဝယ်စာရင်းစသည့် လုပ်ဆောင်ချက်များကို အချိန်တိုအတွင်း မြန်ဆန်စွာ လုပ်ဆောင်နိုင်ရန်အတွက် ဖြစ်သည်။


Dashboard အောက်ခြေကို ဘယ်ညာ ရွှေ့၍ အောက်ပါ Tab များသို့ အလွယ်တကူ ကြည့်ရှုနိုင်ပါသည်။





### Trade Book

ယနေ့ဖြစ်မြောက်ခဲ့သော အရောင်းအဝယ်စာရင်း





### Recent Order

ယနေ့တင်ထားသောအမှာစာ (order) စာရင်း




### Fund Balance

လူကြီးမင်း၏ ငွေလက်ကျန်စာရင်း





## Quotes

Quotes Tab ၏ ရည်ရွယ်ချက်သည် Counter တစ်ခုချင်းစီ၏ ရှယ်ယာဈေးနှုန်း အပြောင်းအလဲ၊ ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်သော ရှယ်ယာ အရေအတွက် (Total Traded Volume) နှင့် ဈေးနှုန်း အတက်အကျပြဇယား တို့ကို စုစည်း ဖော်ပြထားခြင်းဖြစ်သည်။


ရွေးချယ်ထားသော Counter အမည်

လက်ရှိ ဈေးကွက်အတွင်း ရှယ်ယာပေါက်ဈေး

| | |
|---|---|
| Open | ဖွင့်ဈေး |
| Close | ပိတ်ဈေး |
| High | ယနေ့အတွက် အမြင့်ဆုံးဈေး |
| Low | ယနေ့အတွက် အနိမ့်ဆုံးဈေး |





ဈေးကွက်အတွင်း အရောင်းအဝယ် ဖြစ်ခဲ့သော ရှယ်ယာ အရေအတွက် စုစုပေါင်း





## Order Entry

Order Entry ၏ ရည်ရွယ်ချက်သည် YSX တွင် Listed ဖြစ်နေသော ရှယ်ယာများအတွက် အဝယ်/အရောင်း အမှာစာများတင်ရန်ဖြစ်သည်။

ပထမဦးစွာ အမှာစာတင်လိုသည့် Counter ကိုရွေးချယ်ရပါမည်။








ထို့နောက်တွင် အဝယ်/အရောင်းကို ရွေးချယ်၍ အမှာစာတင်ရပါမည်။




## Fund Balance

Fund Balance Tab သည်လူကြီးမင်း၏ ငွေလက်ကျန်စာရင်းကို ကြည့်ရှုနိုင်ရန် စုစည်းဖော်ပြထားခြင်းဖြစ် သည်။





| | |
|---|---|
| **Net Balance** | လူကြီးမင်း ၏ Trading Account စာရင်းထဲရှိ စုစုပေါင်း ငွေပမာဏ။ |
| **Available Funds** | (Net Balance – Block Balance) အဝယ်အမှာစာတင်ပြီး ငွေလက်ကျန်ပမာဏ။ |
| **Trade Balance** | ရှယ်ယာထပ်မံ ဝယ်ယူနိုင်သော ငွေလက်ကျန်ပမာဏ။ |
| **Block Balance** | လူကြီးမင်းမှ အဝယ်အမှာစာတင်ထား၍ ယာယီ ဖယ်ထားသော ငွေပမာဏ။ |




## Portfolio

Portfolio Tab ၏ လုပ်ဆောင်ချက်မှာ လူကြီးမင်းပိုင်ဆိုင်သော ရှယ်ယာ အရေအတွက် စုစုပေါင်း၊ ဝယ်ယူခဲ့သောတန်ဖိုးနှင့် ဈေးကွက်ပေါက်ဈေးတို့ကို နှိုင်းယှဉ်ကာ အရှုံးအမြတ်စာရင်းကို ပျမ်းမျှတွက်ချက် ပြထားခြင်း ဖြစ်သည်။





| | |
|---|---|
| **Listing** | မိမိဝယ်ယူထားသောရှယ်ယာအရေအတွက်၊ ဈေးကွက်ပေါက်ဈေး နှင့် ပျမ်းမျှအရှုံးအမြတ် စသော အချက်အလက်များကို ကြည့်ရှုရန်။ |
| **Summary** | ရှယ်ယာဝယ်ယူခဲ့သောဈေးနှုန်းနှင့်လက်ရှိပေါက်ဈေးကိုနှိုင်းယှဉ်ပြီး ခန့်မှန်း အရှုံး/အမြတ် (Unrealized Gain/Loss) ကိုကြည့်ရှုရန်။ |
| **Charts** | ဝယ်ယူထားသောရှယ်ယာများ၏ လက်ရှိအခြေအနေများကို ခွဲဝေပြ (Pie Chart) ပုံစံဖြင့် ကြည့်ရှုရန်။ |
| **1.Buy/Sell**<br>**2.Securities Transactions**<br>**3.Block Position** | 1. အရောင်းအဝယ်ပြုလုပ်ရန်။<br>2. မိမိတွင်ရှိသောရှယ်ယာများကို ဝယ်ယူ/ရောင်းချခဲ့သော ဈေးနှုန်း နှင့် အရေအတွက်မှတ်တမ်း ၊ ရှယ်ယာအမြတ်ဝေစုရရှိမှု အခြေအနေ။<br>3. ရှယ်ယာ အရောင်းအဝယ်အမှာစာများတင်ထားစဉ်တွင် ရှယ်ယာ (သို့) ငွေပမာဏတို့ကို ထိန်းချုပ်ထားသောအခြေအနေ။ |





## Market Watch

Yangon Stock Exchange ရှိ Listed ကုမ္ပဏီများ၏ ရှယ်ယာဈေးနှုန်းအခြေအနေနှင့် ဝယ်လိုအား၊ ရောင်းလိုအားအခြေအနေများကိုစုစည်း ဖော်ပြထားခြင်း ဖြစ်သည်။





| ကြည့်ရှုလိုသော List ကိုဦးစွာရွေးချယ်ရန်။ | |
|---|---|
| **Portfolio Watch** | လူကြီးမင်း၏ လက်ဝယ်ရှိ ရှယ်ယာဈေးအခြေအနေ။<br>(*ရှယ်ယာပိုင်ဆိုင်ခြင်း မရှိပါက ဖော်ပြမည်မဟုတ်ပါ။) |
| **Watch List 1,2,3** | လူကြီးမင်း စောင့်ကြည့်လေ့လာလိုသော ကုမ္ပဏီများအား စာရင်းပြုလုပ်ရန် ဖြစ်သည်။ |
| + | အပေါင်း သင်္ကေတ နှိပ်၍ လူကြီးမင်းစောင့်ကြည့်လိုသော ကုမ္ပဏီအားစာရင်းသွင်းခြင်း ပြုလုပ်ရန်ဖြစ်သည်။ |




## Order Book


တစ်ရက်တာအမှာစာ၏ အခြေအနေများကို အသေးစိတ်ဖော်ပြထားခြင်းဖြစ်ပါသည်။




## Buy/Sell Status


- Pending – YSX သို့တင်ထားပြီးသော အရောင်းအဝယ်အမှာစာ။
- Executed – အရောင်းအဝယ် ဖြစ်မြောက်သည်။
- Partially Executed – တစ်စိတ်တစ်ပိုင်း အရောင်းအဝယ် ဖြစ်မြောက်သည်။
- Expired – အရောင်းအဝယ်မဖြစ်မြောက်ပါ။
- Cancelled – ပယ်ဖျက်ထားသော အမှာစာ။
- O-Pending – ကြိုတင်ပေးပို့ထားသော အရောင်းအဝယ် အမှာစာ။
- Internal Transit – YSX သို့အောင်မြင်စွာ မရောက်ရှိသော အမှာစာ။

* (တစ်ရက်အတွင်းတင်ခဲ့သောအမှာစာများကိုသာ ဖော်ပြမည် ဖြစ်သည်။)




## Trade Book

တစ်ရက်တာ အရောင်း အဝယ်ဖြစ်မြောက်မှု အခြေအနေကို ဖော်ပြထားပါသည်။




ယနေ့အရောင်းအဝယ်ဖြစ်မြောက်သွားခဲ့သော အမှာစာများ၏ အခြေအနေများကိုစစ်ဆေးရန် ဖြစ်သည်။


* (တစ်ရက်အတွင်းတင်ခဲ့သောအမှာစာများကိုသာ ဖော်ပြမည် ဖြစ်သည်။)

Yangon Stock Exchange မှ အရောင်းအမှာ နှင့် အဝယ်အမှာ များကို မနက် (၁၀)နာရီ၊ (၁၀)နာရီခွဲ၊ (၁၁)နာရီ၊ (၁၁)နာရီခွဲ၊ နေ့လည်(၁၂)နာရီ၊ (၁၂)နာရီခွဲ နှင့် နေ့လည်(၁)နာရီ စုစုပေါင်း ခုနစ်ကြိမ်တိတိ တိုက်ဆိုင်ပေးပြီး အရောင်းအဝယ် တချို့ကို ပြီးမြောက်စေမည်ဖြစ်ပါသည်။




## Full Market Depth

Full Market Depth ၏ လုပ်ဆောင်ချက်မှာ ကုမ္ပဏီတစ်ခုချင်းစီ၏ ဈေးကွက် အခြေအနေအား သိရှိရန်ဖြစ်သည်။





| | |
|---|---|
| **Full Market Depth** | လူကြီးမင်း ကြည့်ရှုလိုသော ကုမ္ပဏီတစ်ခုချင်းစီ၏ သင်္ကေတအား ထည့်သွင်း၍ ၎င်းကုမ္ပဏီ၏ ဈေးကွက် အခြေအနေအားသိရှိရန်ဖြစ်သည်။ |
| **Expected Ltp.** | ဈေးကွက်အတွင်းရှိ ဝယ်လိုအားနှင့် ရောင်းလိုအား ပေါ်မူတည်၍ အနီးစပ်ဆုံး ဖြစ်နိုင်သော ခန့်မှန်းဈေးနှုန်း။ |
| **Bid** | ဈေးကွက်အတွင်း ဝယ်လိုအား |
| **Offer** | ဈေးကွက်အတွင်း ရောင်းလိုအား |




## Order History

တင်သွင်းခဲ့သောအမှာစာများနှင့် ၎င်းအမှာစာများ၏ အသေးစိတ်အချက်အလက်များကို ပြန်လည် ကြည့်ရှုနိုင်ရန် ဖော်ပြထားခြင်း ဖြစ်ပါသည်။




တင်သွင်းခဲ့သောအမှာစာ များကို ကြည့်ရှုလိုသည့် ကာလ အပိုင်း အခြား (From Date) နှင့် (To Date) ကို ရွေးချယ် ရပါမည်။

အော်ဒါတင်ခဲ့သော ဈေးနှုန်း၊ အရေအတွက် နှင့် အရောင်း အဝယ် ဖြစ်မြောက်မှု အခြေအနေများ အားလုံးကို အသေးစိတ် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။


**Buy/Sell Status**

- Pending – YSX သို့တင်ထားပြီးသော အရောင်းအဝယ်အမှာစာ။
- Executed – အရောင်းအဝယ် ဖြစ်မြောက်သည်။
- Partially Executed – တစ်စိတ်တစ်ပိုင်း အရောင်းအဝယ် ဖြစ်မြောက်သည်။
- Expired – အရောင်းအဝယ်မဖြစ်မြောက်ပါ။
- Cancelled – ပယ်ဖျက်ထားသော အရောင်းအဝယ်။
- Transit – ကြိုတင်ပေးပို့ထားသော အရောင်းအဝယ် အမှာစာ။
- Internal Transit – YSX သို့အောင်မြင်စွာ မရောက်ရှိသော အမှာစာ။




## Trade History

အရောင်းအဝယ်ဖြစ်မြောက်ခဲ့သော ရှယ်ယာများအားလုံး၏ အသေးစိတ်အချက်အလက်များကို ကြည့်ရှုနိုင်ရန် ဖြစ်သည်။





- ❖ အရောင်းအဝယ်ဖြစ်မြောက်ခဲ့သော ရှယ်ယာများ စာရင်းကို မိမိ ကြည့်ရှုလိုသည့် ကာလအပိုင်း အခြားအလိုက် (From Date) နှင့် (To Date) ကိုရွေးချယ် ရပါမည်။
- ❖ အရောင်းအဝယ် ဖြစ်မြောက်ခဲ့မှု အခြေအနေအသေးစိတ်ကို ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။
- ❖ Order History နှင့် Trade History အသေးစိတ်ကို မိမိကြည့်ရှုလိုသော ရက် ၄၀၀ အပိုင်းအခြား အလိုက် ပြန်လည်ကြည့်ရှုနိုင်ပါသည်။




## Account Statement

AYA Trust Securities Trading Account သို့ငွေထည့်/ငွေထုတ် ပြုလုပ်ခြင်း စာရင်းမှတ်တမ်းဖြစ်ပါသည်။





Debit, Buy: အဝယ် အမှာစာ တင်ထားသော ပမာဏအား နှတ်ယူခြင်း

Credit, Transfer: AYA Trust အကောင့်သို့ ငွေဖြည့်ခြင်း

ကြည့်ရှုလိုသည့် ကာလအပိုင်း အခြားအလိုက် (From Date) နှင့် (To Date) ကိုရွေးချယ်ပါ။


# အွန်လိုင်းမှတစ်ဆင့် ရှယ်ယာအရောင်းအဝယ်ပြုလုပ်ခြင်း လမ်းညွှန်

**Step 1**





အရောင်းအဝယ် အမှာစာ တင်ရန် ပထမဦးစွာ Home page ရှိ Order Entry သို့ရွေးချယ် ဝင်ရောက် ရပါမည်။

**Step 2**




မိမိ ဝယ်ယူလိုသော Counter ၏ အတိုကောက် စာလုံးကို ထည့်သွင်း ရွေးချယ်ရပါမည်။

**Step 3**





ရှယ်ယာ ဝယ်ယူလိုလျှင် (Buy)၊ ရောင်းချလိုလျှင် (Sell) ကိုရွေးချယ်ပါ။

# အွန်လိုင်းမှတစ်ဆင့် ရှယ်ယာအရောင်းအဝယ်ပြုလုပ်ခြင်း လမ်းညွှန်


AYA Trust
Securities Company

Step 4





Market Order တင်လိုလျှင် ယခုလို အမှန်ခြစ်ကာ ရောင်း/ဝယ်လိုသော ရှယ်ယာ အစောင် အရေအတွက်ကို သတ်မှတ်ပြီး "Place Order" ကိုနှိပ်၍ အမှာစာ တင်နိုင်ပါသည်။ Limit Order တင်လိုလျှင် ဈေးနှုန်းကိုပါ ဖြည့်စွက်ပေးရပါမည်။

Step 5





Order Alert Box ကျလာလျှင် "OK" ကိုနှိပ်ပါ။ Alertမှာ Cash Settlement အား T+3တွင် ပြုလုပ်မည်ကို အသိပေးခြင်း ဖြစ်ပါသည်။

Step 6





အချက်အလက်များကို ထပ်မံစစ်ဆေး ပြီးပါက Insider Information ဖြင့် ယခုအမှာစာအား တင်သွင်းခြင်း မဟုတ်ကြောင်း "Agree" လုပ်ရပါမည်။ ပြီးလျှင် "Confirm Order" ကို နှိပ်ပါ။


# အွန်လိုင်းမှတစ်ဆင့် ရှယ်ယာအရောင်းအဝယ်ပြုလုပ်ခြင်း လမ်းညွှန်




အမှာစာအသစ် တင်လိုပါက

တင်ထားသော အမှာစာကို ပြန်ကြည့်လိုပါက









အရောင်း/အဝယ် အမှာစာတင်ခြင်း အောင်မြင်စွာ ပြီးမြောက်ပါသည်။


နောက်တစ်နေ့၏ Base Price မရရှိသေးသောကြောင့် ၁း၅၀မှ ၄း၁၅ အတွင်း Market ဖြင့် အရောင်း/အဝယ် အမှာစာ တင်ခြင်း မအောင်မြင်ပါ။

Balance မလုံလောက်သဖြင့် အရောင်း/အဝယ် အမှာစာတင်ခြင်း မအောင်မြင်ပါ။

# Order Cancellation (ပြုလုပ်ထားသော အရောင်းအဝယ် အမှာစာကို ပယ်ဖျက်ခြင်း)





ပယ်ဖျက်လိုသော အရောင်းအဝယ် အမှာစာကို Order Book တွင် ဝင်ရောက် ရွေးချယ်ပါ။ ထို့နောက် ညာဘက်ရှိ Option button နှိပ်၍ Cancel ကို ရွေးပါ။

ပယ်ဖျက်လိုသော အမှာစာကို သေချာစွာ ထပ်မံ စစ်ဆေးပြီးပါက Cancel Order ကိုနှိပ်ပါ။

Order Cancellation အောင်မြင်စွာ ပြီးစီး ပါသည်။ Order အသစ် ထပ်မံတင်လိုက "Place New Order" ကိုနှိပ်၍ တင်နိုင်ပါသည်။

# လျှို့ဝှက် စာလုံး ပြောင်းခြင်း(Change Password) နှင့် မိမိအကောင့်မှ ထွက်ရန် (Logout)

Application ၏ ဘယ်ဘက်ထောင့်ရှိ Menu မှတစ်ဆင့် Setting ကိုဝင်ရောက်ပြီး မိမိနှစ်သက်ရာ Password ကိုပြောင်းနိုင်ပါသည်။




ပြောင်းလဲသောPassword သည် အနည်းဆုံး ၅ လုံးရှိရမည်။ အများဆုံး ၁၂ လုံးရှိနိုင်သည်။ စာလုံးအကြီး အနည်းဆုံး ၁လုံး၊ စာလုံးအသေး အနည်းဆုံး ၁လုံး၊ Special Character (! @ # $ % ^ & * ) ၁လုံး၊ ဂဏန်း ၁လုံး အနည်းဆုံး ပါရမည်။

## AYA Trust သို့ ဖုန်းခေါ်ဆို၍ Order တင်နိုင်မည့်အချိန်

အပတ်စဉ် တနင်္လာနေ့ မှ သောကြာနေ့ - မနက် ၉ နာရီ မှ ညနေ ၄ နာရီ အထိ (အစိုးရရုံးပိတ်ရက်များမှအပ) Order တင်နိုင်မည်ဖြစ်ပါသည်။ နေ့လည် ၁ နာရီ နောက်ပိုင်း တင်သွင်းသော Order များသည် Off Market Order များအနေဖြင့် နောက်တစ်နေ့မနက် YSX ဖွင့်ချိန်တွင် ထည့်သွင်းဖော်ပြပေးသွားမည်ဖြစ်ပါသည်။

## Trading ပြုလုပ်ရာတွင် လိုအပ်မည့် အဆင့်များ (လုပ်ဆောင်ရမည့်အချက်များ)

ပထမဦးစွာ customer များသည် နီးစပ်ရာ AYA Bank များသို့သွား၍ သော်လည်းကောင်း၊ ibanking နှင့် mobile banking အသုံးပြု၍သော်လည်းကောင်း၊ AYA Trust Account ထဲသို့ trade လုပ်ချင်သည့်ငွေပမာဏကို trade လုပ်မည့်အချိန်မတိုင်မီ (၁) နာရီအနည်းဆုံးကြိုတင်လွှဲပေးထားရမည်ဖြစ်ပါသည်။

အရောင်းအဝယ်ပြုလုပ်မည့်နေ့ (Trade Day) တွင် Customer များမှ AYA Trust Securities Company သို့ ဖုန်းဆက်၍ ဖြစ်စေ၊ ကောင်တာသို့ တိုက်ရိုက်လာရောက်၍ ဖြစ်စေ၊ Mobile Trading Application အသုံးပြု၍ ဖြစ်စေ အမှာစာ တင်ပေးရမည် ဖြစ်ပါသည်။

မှတ်ချက်။ ။ Order တင်ရာ တွင် Market Order တင်မည်ဆိုပါက ဝယ် (သို့) ရောင်းလိုသည့် ဈေးနှုန်းကို ဖော်ပြရန်မလိုဘဲ၊ Limit Order မှသာလျှင် ဝယ် (သို့) ရောင်းမည့် ဈေးနှုန်းကို ဖော်ပြရမည်ဖြစ်ပါသည်။

အဝယ်အမှာ (Buy Order) များအတွက် လုံလောက်သော ငွေလက်ကျန်ပမာဏ ရှိမှသာလျှင် အမှာစာ တင်နိုင်မည် ဖြစ်ပါသည်။

အရောင်းအမှာစာ (Sell Order) များအတွက်လည်း လုံလောက်သော ရှယ်ယာလက်ကျန်ပမာဏများ ရှိမှသာလျှင် အရောင်းအမှာစာ တင်နိုင်မည် ဖြစ်ပါသည်။

အသေးစိတ် Risk Disclosure အချက်အလက်များအား အောက်ပါလင့်တွင် ဖတ်ရှုနိုင်ပါသည်။

*http://www.ayatrustsc.com/securities-trading/risk-disclosure/*

AYA Trust
Securities Company


Head Office

| | | |
|---|---|---|
| Tel | : | +95 1 386259 |
| Fax | : | +95 1 386254 |
| Hotlines | : | +95 1 386255~58 |
| Email | : | info@ayatrustsc.com |
| Address | : | အမှတ် (၄၁၆)၊ မဟာဗန္ဓုလလမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |


MOBILE TRADING MANUAL